Prevent Child Abuse Indiana™
A Division of The Villages
A Chartered State Chapter of Prevent Child Abuse America

INDIANA Kids First CARE PREVENTING CHILD ABUSE



# လုံခြုံမှုရှိသော ခိုလှုံရာ

မည်သူကမျှ မွေးကင်းစကလေးကို စွန့်ပစ်ရန် မလိုအပ်ပါ။ **အင်ဒီယားနားပြည်နယ် လုံခြုံမှုရှိသော ခိုလှုံရာ အက်ဥပဒေ**အရ လူတစ်ဦးသည် ဖမ်းဆီးခံရမည် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရမည်ကို ကြောက်ရွံ့စရာမလိုဘဲ မိမိမလိုချင်သော မွေးကင်းစကလေးကို ***အမည်မဖော်ဘဲ*** လွှဲအပ်နိုင်ပါသည်။

**မိဘ၊ မိသားစုဝင်၊ မိတ်ဆွေ၊ ဘုန်းတော်ကြီး သို့မဟုတ် သင်းအုပ်ဆရာ၊ လူမှုဝန်ထမ်း သို့မဟုတ် တာဝန်ရှိသူတစ်ဦးဦးက 30 ရက်သားမပြည့်သေးသော မွေးကင်းစကလေးအား အုပ်ထိန်းပိုင်ခွင့်ကို အင်ဒီယားနားပြည်နယ်ရှိ အောက်ပါနေရာများသို့ လွှဲပြောင်းပေးနိုင်သည်...**

- **ဆေးရုံ**
- **ဆရာဝန်**
- **သူနာပြု**
- **ဆေးမှူး သို့မဟုတ် အရေးပေါ်ဆေးဘက်ဆိုင်ရာဝန်ထမ်း**
- **ဥပဒေစိုးမိုးရေးအရာရှိ**
- **မီးသတ်သမား သို့မဟုတ် သတ်မှတ်ထားသည့် မီးသတ်ဌာနများရှိ "ဘေးကင်းလုံခြုံရေး သေတ္တာ" တွင်**
- ***သို့မဟုတ်* အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများပေးသော အခြားတာဝန်ရှိပုဂ္ဂိုလ်များ**

*ကလေးငယ်တွင် ရည်ရွယ်ချက်ရှိရှိ ညှဉ်းပန်းနှိပ်စက်ခံထားရသော လက္ခဏာများ မတွေ့ရပါက ကလေးအား ထားခဲ့သူကို မည်သည့်အချက်အလက်မျှ မေးမြန်းရန် မလိုအပ်ပါ။ သို့သော် မွေးနေ့၊ လူမျိုး၊ မိဘ၏ကျန်းမာရေးရာဇဝင်၊ ကလေး၏ကျန်းမာရေးအခြေအနေ သို့မဟုတ် ကလေးစောင့်ရှောက်သူအတွက် အသုံးဝင်သော အချက်အလက်များ (ဆီးချိုရောဂါ၊ HIV သို့မဟုတ် အခြားမိသားစုကျန်းမာရေးရာဇဝင်ကဲ့သို့) ကို သိရှိရပါက အလွန်အထောက်အကူဖြစ်စေပါမည်။*

## ဥပဒေအသစ်ပြဋ္ဌာန်းခြင်း

ဇူလိုင်လ 1 ရက်၊ 2018 ခုနှစ်မှစ၍ မွေးကင်းစကလေး ဘေးကင်းလုံခြုံရေး သေတ္တာအကြောင်း ပါဝင်သော ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ ဤဥပဒေပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည်များကို မိမိကိုယ်တိုင် ပိုမိုသိရှိနားလည်စေရန် **https://tinyurl.com/mvktk9vx** တွင် ဝင်ရောက်ကြည့်ရှုပါ။ အောက်ပါတို့မှာ အကျဉ်းချုပ်အချို့ဖြစ်ပါသည်-

**A** ကလေး၏မိဘကိုယ်တိုင်က ကလေးအား ဝန်ဆောင်မှုပေးသူထံတွင်ဖြစ်စေ၊ ခွင့်ပြုထားသော မွေးကင်းစကလေး ဘေးကင်းလုံခြုံရေး သေတ္တာထဲတွင်ဖြစ်စေ ဆန္ဒအလျောက် ထားခဲ့ပါက သို့မဟုတ် မိဘဖြစ်သူသည် ပြန်လာရန် ရည်ရွယ်ချက်မရှိကြောင်း ဖော်ပြပါက အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူအနေဖြင့် သုံးဆယ် (30) ရက်သားထက် မကျော်သော သို့မဟုတ် ယင်းအရွယ်ဖြစ်ပုံရသော မွေးကင်းစရင်သွေးငယ်အား အုပ်ထိန်းခွင့်ကို တရားရုံး၏ အမိန့်မလိုဘဲ လက်ခံရပါမည်။

**B** ဤပြဋ္ဌာန်းချက်ပုဒ်မအရ ကလေးအုပ်ထိန်းခွင့်ကို လက်ခံလိုက်သော အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူသည် ကလေး၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး သို့မဟုတ် ဘေးကင်းလုံခြုံရေးကို ကာကွယ်ရန် လိုအပ်သော မည်သည့်လုပ်ဆောင်ချက်ကိုမဆို ဆောင်ရွက်ရမည်။

**C** အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူထံတွင်ဖြစ်စေ၊ ခွင့်ပြုထားသော မွေးကင်းစကလေး ဘေးကင်းလုံခြုံရေး သေတ္တာထဲတွင်ဖြစ်စေ ကလေးကို ကောင်းမွန်သော စိတ်ထားဖြင့် ဆန္ဒအလျောက် ထားခဲ့သူသည် မိဘ/လူပုဂ္ဂိုလ်(များ)၏ အမည်ကို ထုတ်ဖော်ပြောကြားရန် တာဝန်မရှိပါ။

**D** မွေးကင်းစကလေး ဘေးကင်းလုံခြုံရေး သေတ္တာ အသုံးပြုခြင်းကို ခွင့်ပြုပေးပြီး သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်သော ဆေးရုံသည် အဆိုပါ မွေးကင်းစကလေး ဘေးကင်းလုံခြုံရေး သေတ္တာ အသုံးပြုခြင်းနှင့်စပ်လျဉ်းသော လုပ်ရပ် သို့မဟုတ် ထိမ်ချန်မှုက အလွန်အမင်းပေါ့ဆမှု သို့မဟုတ် ရည်ရွယ်ရှိရှိဖြစ်စေ၊ တမင်တကာဖြစ်စေ မှားယွင်းလုပ်ဆောင်မှုကြောင့် မဟုတ်လျှင် ယင်းလုပ်ရပ် သို့မဟုတ် ထိမ်ချန်မှုအတွက် တရားမကြောင်းအရ ပေးလျော်ရန်တာဝန်မှ ကင်းလွတ်ခွင့်ရှိသည်။

**E** ပုဒ်မခွဲ (a)(1)(C) တွင် ဖော်ပြထားသော မွေးကင်းစကလေး ဘေးကင်းလုံခြုံရေး သေတ္တာသည် ပုဒ်မခွဲ (a)(1)(B) တွင် သတ်မှတ်ထားသော အခြေအနေများနှင့် မကိုက်ညီသည့်တိုင် ၎င်းကို ဆက်လက်အသုံးပြုနိုင်သည်။

**မှတ်ချက်-** *ကလေးကို ဆေးစစ်၍ (လိုအပ်ပါက) ဆေးကုသမှုပေးပြီးနောက် အင်ဒီယားနားပြည်နယ် ကလေးသူငယ်ဝန်ဆောင်မှုဌာနက ကလေးသူငယ်ကာကွယ်ရေး ဝန်ဆောင်မှုမှတစ်ဆင့် ကလေးအုပ်ထိန်းခွင့်ကို လက်ခံကာ ၎င်းကို စောင့်ရှောက်သူတစ်ဦးနှင့်အတူ နေရာချထားပါမည်။*

နောက်ထပ်အချက်အလက်များကို သိရှိရန် ဤနေရာသို့ ဝင်ရောက်ကြည့်ရှုပါ- **www.nationalsafehavenalliance.org**

## ကျွန်ုပ်တို့အကြောင်း နောက်ထပ်အချက်အလက်များ

*Prevent Child Abuse Indiana သည် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို တားဆီးရန် ရည်ရွယ်လုပ်ဆောင်ပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် အင်ဒီယားနားပြည်နယ်ကို ကျွန်ုပ်တို့၏ ကလေးများအတွက် ပိုမိုလုံခြုံပြီး ကောင်းမွန်သော နေရာတစ်ခုဖြစ်အောင် ဖန်တီးပေးသည်။*



### အချက်အလက်နှင့် ရင်းမြစ်များ

မိဘများသည် အခမဲ့တိုင်ပင်ဆွေးနွေးမှုရယူရန်နှင့် ၎င်းတို့၏အခြေအနေနှင့်ပတ်သက်သော ရွေးချယ်စရာ အမျိုးအစားအားလုံးအကြောင်း ဆွေးနွေးရန် **National Safe Haven ဟော့လိုင်း 1-866-992-2291** သို့ ဖုန်းခေါ်ဆိုနိုင်သည် သို့မဟုတ် **www.SHBB.org** တွင် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။ အရင်းအမြစ်ဖုန်းလိုင်း 2-1-1 သို့မဟုတ် **စိတ်ကျန်းမာရေးဟော့လိုင်း 988** ကိုလည်း ခေါ်ဆိုနိုင်ပါသည်။

### ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုကို သတင်းပို့ရန်

ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုကို သတင်းပို့ရန် **1.800.800.5556** သို့ ဖုန်းခေါ်ဆိုပေးပါ

### ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်

Kids First License Plate (ကလေးသူငယ် ကျန်းမာလုံခြုံရေး ဦးစားပေး လိုင်စင်ပြား) ကို ဝယ်ယူခြင်းဖြင့် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုတို့ကို တားဆီးရန် နိုင်ငံတစ်ဝန်း ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီပါ။ နောက်ထပ်အချက်အလက်များအတွက် သင့်ဒေသတွင်း BMV သို့ သွားရောက်ပါ သို့မဟုတ် www.in.gov/dcs/2456.htm သို့ ဝင်ရောက်ကြည့်ရှုပါ။